ဝေမေတ္တ အတ္တော ဒဋ္ဌဗ္ဗော။ တေရသကဏ္ဍ မဟာခန္ဓက အဖွင့်။

မိမိနေရာအရပ်သို့ ရောက်လာလျှင်ကား ရဟန်းသာမဏေတို့မှာ ကြည့်ရှုနားထောင်သည့် အတွက် သိက္ခာပုဒ်ကား မပျက်ပေ၊ သို့သော် စိတ်ထည်းမှာ သာယာလျှင် (ခုကာလပြောသလို) သီလညှိုးဘွယ်ရှိသောကြောင့် မျက်စိအောက်ရောက်လာစေကာမူ ဂရုစိုက်၍ မကြည့်ဘဲ ရှောင်လွှဲနိုင်မှသာ သီလ စင်ကြယ်သည်ဟု ဆိုရပေမည်။ [ဣတ္ထိသိန္နသယနေ-ကာသေ ပန အာဂတံ ဂစ္ဆန္တဿ ဝါ အာပါတဂတံ ပဿတော သိယာ သံကိလေသော န စိတိက္ကာမော”—ဋီကာ။]

**မာလာဂန္ဓ....ဋ္ဌာန။** ။“မာလာ+ဂန္ဓ+ဝိလေပန” ၃-ပုဒ်ကို “ဓာရဏ+မဏ္ဍန+ဝိဘူသန” ၃-ပုဒ် နှင့် အစဉ်အတိုင်းတွဲ၍ “မာလာဓာရဏ=ပန်းကိုဆောင်ခြင်း ပန်ခြင်း” နိမ့်ရာအရပ်ကို ပြည့်လာအောင် ဖို့သိပ်ကောင်းသော သနပ်ခါး စသည်ကို “ဂန္ဓ=နံ့သာ”ဟု ခေါ်၍ ထိုနံ့သာဖြင့် ကျောက်ပေါက်ရာ စသည်၌ ဖို့သိပ်ခြင်းကို “ဂန္ဓ မဏ္ဍန”ဟု ခေါ်၏။

ရေမွှေးစသော မွှေးကြိုင်သော အနံ့, အရေအဆင်း ကြည်လင်လှပအောင် လိမ်းကျံခြယ်လှယ်ရသော မျက်နှာချေ ပေါင်ဒါမှုန့် စသည်ကို “ဝိလေပန”ဟု ခေါ်၍ ထိုရေမွှေး မျက်နှာချေ စသည်တို့ဖြင့် ဆွတ်ဖျန်း လိမ်းကျံခြင်းကို “ဝိလေပန ဝိဘူသန” ခေါ်၏၊ ထိုသို့ ပန်းပန်ခြင်း, နံ့သာပြစ်တို့ဖြင့် နိမ့်ရာအရပ်ကို ဖို့သိပ်ခြင်း, ရေမွှေး မျက်နှာချေ စသည်တို့ဖြင့် ဆွတ်ဖျန်း လိမ်းကျံခြင်း၏ အကြောင်းရင်း